# ဘဏ္ဍာရေး ထောက်ပံ့မှု အစီအစဉ်

Summa Health စနစ်သည် သင်၏ ငွေရေးကြေးရေးကဏ္ဍကို အခက်အခဲဖြစ်စေသည့် မျှော်လင့်မထားသော သင်၏ ဆေးဝါး ပြဿနာရပ်များကို သတိပြုမိပါသည်။ သင့်ကိုကူညီရန် ဤနေရာတွင် ကျွန်ုပ်တို့ရှိနေခြင်းဖြစ်ပါသဖြင့် လူနာများအနေဖြင့် ပြည်ထောင်စု၊ ပြည်နယ်နှင့် ဆေးရုံအဆင့် ကျန်းမာရေးအစီအစဉ်များမှ ဆေးဘက်ဆိုင်ရာ အကျိုးခံစားခွင့်များ ရယူနိုင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် သင်၏ ကျန်းမာရေး ကုန်ကျစရိတ်ကိုကူညီကျခံပေးမည့် အရင်းမြစ်များကို ရှာဖွေရာတွင် သင့်ကို ကူညီလိုပါသည်။ တကယ်တမ်းတွင်လည်း အာမခံမရှိသည့် လူနာတိုင်းသည် ဒစ်စကောင့်ရယူရန် အရည်အချင်းပြည့်မီပါသည်။

## လူနာများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ငွေကြေးအကူအညီ

ကျွန်ုပ်တို့အနေဖြင့် အာမခံမရှိသောလူနာများနှင့် အာမခံမလုံလောက်သော လူနာများအတွက် ကျွန်ုပ်တို့၏ လူနာများဆိုင်ရာ ဘဏ္ဍာရေး အကြံပေးများမှတစ်ဆင့် ငွေကြေးအကူအညီများ ဖော်ဆောင်ပေးလျက် ရှိပါသည်။ ဤသည်မှာ Summa Health စနစ်မှ ဖော်ဆောင်ပေးထားသည့် အခမဲ့လွှဲအပ်ခြင်း ဝန်ဆောင်မှု ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဤနေရာတွင် ဖက်ဒရယ်၊ ပြည်နယ်နှင့် ဆေးရုံ အစီအစဉ်များမှတစ်ဆင့် ကျန်းမာရေး အကျိုးခံစားမှုများ ရယူခြင်းတွင် လူနာများကို အကူအညီပေးရန် ရှိနေခြင်း ဖြစ်ပါသည်။ သင့်ဆေးရုံစရိတ်တစ်စိတ်တစ်ဒေသ သို့မဟုတ် အကုန်လုံးအား ယနေ့ ပေးဆောင်ရန် မတတ်နိုင်ဖြစ်နေပါက Summa Health System မှ အောက်ပါတို့ကို ဆောင်ရွက်ပေးသွားပါမည် -

- သင့်ဆေးရုံစရိတ်များကို ပေးဆောင်ရန် အကူအညီရဖွယ်ရှိသည့် နေရာများနှင့် ရနိုင်ပုံများကို ပြောပြခြင်း။
- သင်နှင့် အကျုံးဝင်မည့် အစီအစဉ်များကို ရှာဖွေရာတွင် ကူညီပေးခြင်း။
- သင့်လိုအပ်ချက်ဖြင့် ကိုက်ညီမည့် ပြည်နယ် သို့မဟုတ် ဆေးရုံအစီအစဉ်များ။ သို့မဟုတ် ထိုနှစ်မျိုးစလုံးမှ အစီအစဉ်များအတွက် မှတ်ပုံတင်ပေးခြင်း။

သင့်ဝင်ငွေပမာဏအပေါ်တွင် အခြေခံကာ အောက်ဖော်ပြပါတို့အတွက် သင်အကျုံးဝင်နိုင်ပါသည် -

- အခမဲ့ ကုသစောင့်ရှောက်မှု
- ဒစ်စကောင့်
- အတိုးပေးဆောင်ရန်မလိုသည့် ကန့်သတ်အချိန်ကာလများ

လူနာများနှင့်၎င်းတို့၏ အကြံဉာဏ်ပေးသူများသည် ရနိုင်သည့်အဘက်ဘက်မှရွေးချယ်စရာများကို ရှာဖွေကြပါသည်။ ကျန်းမာရေးကုသမှုဆိုင်ရာဝန်ဆောင်မှုများအတွက်ပေးချေရန် မတတ်နိုင်သူများရှိသည်ကို ကျွန်ုပ်တို့ နားလည်ပါသည်။ ကျွန်ုပ်တို့သည် ဤနေရာတွင် ရွေးချယ်စရာများနှင့် အကူအညီများကို အာမခံမရှိသောသူများ သို့မဟုတ် အာမခံမလုံလောက်သောသူများအတွက် ကမ်းလှမ်းရန်နှင့် လူနာများ၏ အကျိုးဆောင်အဖြစ် ဝန်ဆောင်ပေးရန် ရှိနေခြင်း ဖြစ်ပါသည်။

## နှစ်စဉ် ပြည်ထောင်စု ဆင်းရဲနွမ်းပါးမှု လမ်းညွှန်ချက်များ

လူနာတစ်ဦးသည် ပြည်ထောင်စုအဆင့် အကူအညီပေးအပ်ရေး အစီအစဉ်များနှင့် အကျုံးမဝင်ပါက Summa Health System အနေဖြင့် ဖက်ဒရယ် ဆင်းရဲနွမ်းပါးမှု လမ်းညွှန်ချက်များအပေါ်တွင် အခြေခံသည့် အဆင့်ဆင့်လျှော့ချရေး အစီအစဉ်ကို အသုံးပြုကာ ထိုလူနာအတွက် ဒစ်စကောင့်တစ်ရပ် ဖော်ဆောင်ပေးပါမည်။

ပြည်ထောင်စုဆင်းရဲနွမ်းပါးမှု လမ်းညွှန်ချက်များသည် နှစ်စဉ်တိုင်းတွင်Federal Register ပေါ်၌ ယင်းတို့ကို ပုံနှိပ်ဖော်ပြသည့် ရက်စွဲမှစ၍ စတင်အသက်ဝင်ပါသည်။ ထိုရက်စွဲ မတိုင်မီ သို့မဟုတ် ထိုရက်စွဲနောက်ပိုင်းတွင် ဝန်ဆောင်မှုပေးအပ်သော ရက်စွဲတစ်ခုခုအတွက် အကျုံးမဝင်ခြင်းအား လမ်းညွှန်ချက်အသစ်ဖြင့် ဆုံးဖြတ်သင့်ပါသည်။ ထိုရက်စွဲမတိုင်မီ ပေးအပ်သော ဝန်ဆောင်မှုရက်စွဲများအား လမ်းညွှန်ချက် အဟောင်းဖြင့် ဆုံးဖြတ်သင့်ပါသည် ။ အမေရိကန် ကျန်းမာရေးနှင့် လူမှုဝန်ဆောင်မှုရေးရာ ဝန်ကြီးဌာနမှ ထုတ်ပြန်သည့် လက်ရှိနှစ်နှင့် ယခင်နှစ်များမှ လမ်းညွှန်ချက်ကိုကြည့်ရှုရန် http://aspe.hhs.gov/poverty/ သို့ သွားပါ။

- ဖက်ဒရယ်ဆင်းရဲနွမ်းပါးမှု လမ်းညွှန်ချက်များတွင် ဖော်ပြထားသည့် ဝင်ငွေထက် နှစ်ဆအထိ ပိုဝင်သည့်လူနာတိုင်းအတွက် အခမဲ့ဝန်ဆောင်မှုများကို ကျွန်ုပ်တို့ဖော်ဆောင်ပေးအပ်လျက် ရှိပါသည်။
- ဖက်ဒရယ် ဆင်းရဲနွမ်းပါးမှု လမ်းညွှန်ချက်များတွင် ဖော်ပြထားသည့်ဝင်ငွေထက် လေးဆအထိပိုဝင်သည့် လူနာတိုင်းအတွက် များစွာလျှော့ပေးသည့် ဒစ်စကောင့်တစ်ရပ်ကို ကမ်းလှမ်းလျက်ရှိပါသည်။
- ဖက်ဒရယ် ဆင်းရဲနွမ်းပါးမှု လမ်းညွှန်ချက်များတွင် ဖော်ပြထားသည့် ဝင်ငွေ၏လေးဆထက် ပိုများသောလူနာများအတွက် အာမခံလုပ်ငန်းများနှင့် သဘောတူထားသည့် ဒစ်စကောင့်ကဲ့သို့သော ဒစ်စကောင့်များကို ကျွန်ုပ်တို့ ကမ်းလှမ်းလျက်ရှိပါသည်။

Summa Health System သည် ကျသင့်ငွေပေးချေရေးရုံး၏ဘေးတွင် လူနာတိုင်းအား ဂရုတစိုက် လေးလေးစားစား ဆက်ဆံလျက်ရှိပါသည်။

လျှော့ပေါ့ထားမှုလုပ်ငန်းစဉ်များ၏ အစောပိုင်းကာလ ရှာဖွေဖော်ထုတ်မှုများနှင့် ကနဦးဆောင်ရွက်မှုများကို ကူညီပံ့ပိုးပေးရန်ရည်ရွယ်ကာ လျှော့ပေါ့လွှာများအား ဝဘ်ဆိုဒ်အများအပြားတွင် ကြိုတင်မှတ်ပုံတင်ခြင်းများ၊ ဝင်ခွင့်လျှော့ပေါ့ထားခြင်းများနှင့် အခြားနည်းလမ်းများဖြင့် မှတ်ပုံတင်ခြင်းများ ပြုလုပ်နိုင်စေရန် အသင့်ထားရှိပေးထားပါသည်။ ဖောင်ဖြည့်ရန် အကူအညီလိုအပ်ခြင်း၊ မေးခွန်းများ မေးမြန်းလိုခြင်း၊ သို့မဟုတ် လူနာရေးရာ ကိုယ်စားလှယ်တစ်ဦးနှင့် တိုက်ရိုက်စကားပြောဆိုလိုခြင်းများရှိပါက ကျေးဇူးပြု၍ ကျွန်ုပ်တို့၏ ဘဏ္ဍာရေးအကြံပေး တစ်ဦး ထံ ခေါ်ဆိုပေးပါ။ ဤနေရာတွင် သင့်ကို ကူညီရန် ကျွန်ုပ်တို့ ရောက်ရှိနေခြင်း ဖြစ်ပါသည်။ သင့်ထံတွင် ကျသင့်ငွေပေးချေနိုင်မည့် သင်၏ဘဏ္ဍာရေးအင်အား သို့မဟုတ် ရရှိနိုင်မည့် အစီအစဉ်များအကြောင်း မေးမြန်းရန်ရှိပါက ကျေးဇူးပြု၍ ဖုန်းခေါ် ပေးပါ။ ကျွန်ုပ်တို့သည် လူနာတစ်ဦးချင်းစီ၏ လိုအပ်ချက်များ၊ အခြေအနေများဖြင့် ကိုက်ညီစေရေးအတွက် အကူအညီပေးအပ်ရန် ဆောင်ရွက်နေပါသည်။